




# နိုင်ငံတကာရှိ
## မျိုးချစ်မြန်မာတို့၏
# ပွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအပေါ်ကန့်ကွက်ပွဲ

jref ာနိုင်ငံတွင် စစ်အစိုးရမှရေးဆွဲထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူ ကြမ်းအား မေလ (၁၀) ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်မည်ဖြစ်ပြီး၊ ပြည်ပသို့ရောက်ရှိနေကြသော နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများမှာ ကြိုတင်ဆန္ဒမဲများပေး နေကြရပြီဖြစ်သည်။ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများနှင့်အတူ တောင်းဆိုဆန္ဒပြမှုများ ကိုလည်း နိုင်ငံတကာရှိမြန်မာသံရုံးများရှေ့တွင် အင်တိုက်အားတိုက်လုပ်ဆောင်နေကြကြောင်းသိရသည်။

ဧပြီလ (၂၇) ရက်နေ့တွင် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးသို့သွားရောက်၍ ဆန္ဒမဲပေးရမည်ဖြစ်ပြီး သံရုံး သို့သွားရာ စင်ကာပူနိုင်ငံရောက်မြန်မာများက တရက်တည်း၊ တချိန်တည်း သွားရောက်၍ ကန့်ကွက်မဲပေး ကြရန်လှုံ့ဆော်ထားပြီးဖြစ်သည်ဟုသိရသည်။

ဧပြီလ၊ (၁၀) ရက်နေ့ရက်စွဲဖြင့် အခြေခံဥပဒေမူကြမ်းအတည်ပြုရေးအတွက် ဆန္ဒမဲပေးရန်ဖိတ်ကြား စာကို စင်ကာပူနိုင်ငံဆိုင်ရာမြန်မာသံမှူးဖြစ်သူ ဦးကျော်ဆွေတင့်မှ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသား များထံသို့ပေးပို့ခဲ့ကြောင်းသိရသည်။ မဲဆန္ဒပေးရန်အတွက် တရားဝင်စာပို့ထားသူဦးရေမှာ စုစုပေါင်း (၁၀,၀၀၀) သာရှိပြီး အမှန်တကယ် တရားဝင်အလုပ်လုပ်နေသူဦးရေမှာ ကျောင်းသားများမပါဝင် ပဲ (၃၀,၀၀၀) ကျော်ရှိကြောင်းသိရသည်။ စင်ကာပူသံရုံးရှေ့တွင် ဆန္ဒမဲပေးရန်အတွက် လူပေါင်း (၂,၅၀၀) ခန့်မှာ မဲထည့်ခွင့်ရရှိရန်အတွင် တန်းစီစောင့်ဆိုင်းကြောင်းကိုလည်း မဲထည့် ရန်စာလက်ခံရရှိထား၍ ဆန္ဒမဲ သွားရောက်ပေးသူတဦးမှ ပြောပြခဲ့သည်။

ထို့ပြင် စင်ကာပူနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာတဦးမှ “ဒီဖွဲ့စည်းပုံမူကြမ်းဟာ ပြည်သူတွေအတွက် ဘယ်လောက်အရေးကြီးသလဲဆိုရင် ပြည်သူပြည်သားတွေ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ပြည်သူလူထု က အပြည့်အဝခံစားနိုင်တဲ့လူ့အခွင့်အရေးတွေ၊ အခွင့် အလမ်းတွေရှိရမယ်။ အခုဟာက အခြေခံမူကြမ်းကို ဖတ်ခွင့်မရဘဲနဲ့ မဲပေးရမယ်ဆိုတာ မဖြစ်အပ်တဲ့လုပ် ရပ်ဖြစ်တယ်။ ဒါကြောင့် ဘာမှမသိတဲ့အခြေခံမူကြမ်း ကို ကန့်ကွက်မဲထည့်ရုံမှအပ ဘာမှလုပ်စရာမရှိဘူး”ဟု ပြောကြားခဲ့သည်။

စင်ကာပူမြန်မာသံရုံးရှေ့တွင် မဲပေးရန်စောင့် ဆိုင်းနေသူများကို ဒီမိုကရေစီအရေးလှုပ်ရှားသူများမှ ကြက်ခြေခတ်အမှတ်တံ ဆိပ်ပါအကျီအနီများ၊ ဦး ထုပ်အနီများ ဝေငှပေးခဲ့သော်လည်း မဲပေးရန်အတွက် သံရုံးအတွင်းဝင်ရောက်မည့်သူများမှာ ထိုအကျီများ၊ ဦးထုပ်များကို အပြင်တွင်ချွတ်ထားခဲ့ရကြောင်းလည်းသိရသည်။ စင်ကာပူ ရဲများမှလည်း အစပိုင်းတွင် (၇) ယောက် (၈) ယောက်ခန့်သာရှိသော်လည်း နောက်ပိုင်းတွင် (၅၀၀၊ ၆၀၀) ခန့်ထိရောက်ရှိ လာသည်ဟုလည်းသိရသည်။ ဆန္ဒမဲလာပေးသူများမှ ညနေလူစုခွဲချိန်တွင် တန်းစီလမ်းလျှောက်ပြီး နိုင်ငံတော်သီချင်းကို သံပြိုင် သီဆိုကာ လူစုခွဲခဲ့ကြသည်။ သို့သော် မေလ (၁) ရက်နေ့တွင်မူ လူ (၁၀၀၀) ခန့်မှ ဆန္ဒမဲများပေးနိုင်ခဲ့သည်ဟုသိရှိရသည်။



ထိုင်းနိုင်ငံ၊ ဘန်ကောက်တွင်မြို့ရှိ မြန်မာသံရုံးတွင်လည်း ဧပြီလ၊ (၂၂) ရက်မှ စတင်၍ (၂၇) ရက်နေ့အထိ ဆန္ဒမဲပေးနိုင်မည်ဖြစ် ကြောင်းသိရှိရာ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးသို့မဲလာရောက်ပေးသူတဦးက ၁၉၉၀ ပြည့်နှစ်တွင်လည်း အဲန်အယ်လ်ဒီကို ထောက်ခံမဲပေး ခဲ့ပြီး၊ ယခုတကြိမ်တွင်လည်း အသေအချာကြက်ခြေခတ်ပြီး နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံဥပဒေကိုကန့်ကွက်မဲပေးခဲ့ကြောင်းပြောသည်။ ကျောင်းလာတက်သူတဦးမှလည်း အခြေခံဥပဒေကိုနားမလည်သော်လည်း ရေဒီယိုမှကြားရသည့်သတင်းများနှင့် ဖတ်ရသည့်စာများအရ ပြင်ဆင်ရန်မဖြစ်နိုင်သည့်ဥပဒေကို မနှစ်သက်ခြင်းနှင့် စစ်အုပ်စုကို အယုံအကြည်မရှိသောကြောင့် ကန့်ကွက်မဲပေးခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထို့ပြင် လူ (၅၀) ခန့်မှလည်း “နိုး” စာလုံးများရေးသားထားသည့် အကျီအနီရောင်များဝတ်ဆင်ကာ သံရုံးရှေ့တွင် “ဆန္ဒခံယူပွဲအလိုမရှိ၊ အခြေခံ ဥပဒေကျဆုံးပါစေ၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေး” စသည့် ဆန္ဒပြကြွေးကြော်မှုများပြုလုပ်ခဲ့ကြောင်းလည်း ဘန်ကောက်ရှိ ကျောင်းတက်နေသူ မြန်မာတက္ကသိုလ်ကျောင်းသားတဦးဖြစ်သည့် ကိုကျော်လင်းဦးမှပြောပြခဲ့သည်။




မလေးရှားနိုင်ငံတွင်လည်း နေထိုင်သူ မြန်မာနိုင်ငံသားများ စုစုပေါင်း (၅) သိန်းကျော်ရှိသည့်အနက် (၁၈၀,၀၀၀) ခန့်သာ တရားဝင်နေထိုင်သူများဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် လူဦးရေအပြည့် မဲပေးနိုင်ခြင်းမရှိခဲ့ကြောင်းသိရသည်။ သို့သော်လည်း လာရောက်မဲပေးကြသူများတွင် ထောက်ခံမဲထက်၊ ကန့်ကွက်မဲ ပေးသူမှာ အများစုဖြစ်ကြောင်းသိရသည်။ ပီနန်မြို့မှ မြို့တော်ကွာလာလမ်ပူသို့ သွားရောက်ဆန္ဒမဲပေးနိုင်ရန် ဒီမိုကရေစီအရေးလှုပ်ရှားသူများမှ ကားများစီစဉ်ပေး ကြောင်းသိရသည်။ မလေးရှားရှိ မြန်မာသံရုံးအတွင်း အခန်းငယ်ကန့်၍ လျှို့ဝှက်မဲပေးခဲ့ရသည်ဟုသိရသည်။

ထို့ပြင် ကွာလာလမ်ပူရှိ မြန်မာသံရုံးရှေ့တွင် ဒီမိုကရေစီရေးလှုပ်ရှားသူများမှ ကန့်ကွက်သည့် ကြက်ခြေခတ်အမှတ်အသားများပါသည့် စတစ်ကာချပ်များအား အကျီများတွင်ကပ်ကာ စစ်အစိုးရ၏အခြေခံဥပဒေကို ဆန့်ကျင်ကန့်ကွက်သည့်ကြွေးကြော်သံများအော်ဟစ်ကြရာ မဲလာပေးသည့်မြန်မာလူထုမှလည်း လိုက်ပါ အော် ဟစ်ဆန္ဒပြခဲ့ကြောင်းသိရသည်။



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံးရှေ့တွင် ဖွဲ့စည်းပုံအခြေဥပဒေမူကြမ်းကို မြန်မာ့ဒီမိုကရေစီလိုလားသူ (၆၀) ခန့်မှ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အလားတူပင် ကနေဒါနိုင်ငံတွင်လည်း တိုရန်တိုနှင့် အော့တာဝါမြို့တို့တွင်နေထိုင်သည့် မြန်မာနိုင်ငံသား (၁၀၀) ကျော်တို့က (၃) နာရီခွဲခန့် စစ်အစိုးရ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကန့်ကွက်ဆန္ဒပြခဲ့ ကြောင်းလည်းသိရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင်လည်း ဧပြီလ (၂၅) နှင့် (၂၆) ရက်၊ နေ့များတွင်လည်း မြန်မာစစ်အုပ်စု၏ စိတ်တိုင်းကျရေးဆွဲထားသော ဥပဒေ မူကြမ်းကို မြန်မာအသိုင်းအဝိုင်းများမှ ဆန္ဒမဲပေးသူများရှိသလို ကန့်ကွက်ဆန္ဒပြသူများလည်း ရှိခဲ့ကြသည်ဟုသိရသည်။

နယူးယောက်တွင် မဲပေးရန်အကြောင်းကြားခံရသူများထဲ၌ ဆယ်နှစ်၊ အနှစ်နှစ် ဆယ်ကြာနေထိုင်ခဲ့ပြီး နိုင်ငံသားခံယူထားသူများပါ ပါဝင်နေကြောင်းကို အကြောင်း ကြားစာလက်ခံရရှိသူတဦး၏ပြောကြားချက်အရ သိရှိရသည်။

အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ကြိုတင် မဲပေးရမည့်ရက်ကို ဧပြီလ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အထိ သတ်မှတ်ထားသော်လည်း (၂၉) ရက်နေ့အထိ တရက်ထပ်တိုး ခဲ့ရသည်။ မဲစပေးသည့်ရက်မှစ၍ မြန်မာ့ အရေးလှုပ်ရှားသူများက ကန့်ကွက်မဲပေးရေးကို လှုံ့ဆော်ခဲ့ကြသည်။

အဆိုပါလှုံ့ဆော်ပွဲကို တိုင်းရင်းသား ခေါင်းဆောင်များမှဦးဆောင်ခဲ့ကြပြီး မဲစာရင်းကို စစ်တမ်းကောက်ယူခဲ့ရာမှာ (၂၉၉) ယောက်ကောက်ယူနိုင်ခဲ့ပြီး ဥပဒေမူကြမ်း ကို ကန့်ကွက်သည့်မဲအရေအတွက်မှာ (၂၇၈) မဲဖြစ်ပြီး ထောက်ခံမဲမှာ (၁၆) မဲသာရှိပြီး ဆန္ဒထုတ်ဖော်ပြောဆိုခြင်းမရှိသူမှာ (၅) ယောက်ဖြစ်ကြောင်းကို အဲန်အယ်လ်ဒီ (အယ်လ် အေ) အင်္ဂလန်ဌာနခွဲ၏ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာဝင်းနိုင်မှပြောကြားခဲ့သည်။ ❖



# မြစ်

❑ ကျွန်ုပ်တို့ရင်တွင်းမှာ
မြစ်တစင်း ရှိခဲ့ပြီ။

❑ အဲဒီမြစ်က ရဲရဲနီနေပေမယ့်
ဖြူဖွေးစင်ကြယ်တဲ့မြစ်။

❑ အဲ့ဒီမြစ်က နူးညံ့ညင်သာပေမယ့်
အရှိန်ပြင်းစွာ စီးဆင်းတဲ့မြစ်။

❑ အဲဒီမြစ်က တိုးတိတ်နေပေမယ့်
ကျယ်လောင်စွာ အော်မြည်နိုင်တဲ့မြစ်



❑ ကြည်လင်အေးမြစွာနဲ့
ရင်ခွင်ပေါင်းများစွာကို
တိုးဖေ့ဖြတ်သန်းလို့
ထာဝရစီးဆင်းမယ့်မြစ်။

❑ သူရဲကောင်းနှင့်လျော်ကန်သော
ဝိဉာဉ်ဘုံအထွတ်ထိ
စီးဆင်းသွားပေ့ါ။ ။

ကိုဇင်




## a':cifrmat;\ ukd,fa&;&mZ0ift us0f;cdyf...

၁၉၄၀ ခု၊ ဇွန်လ (၂၁) ရက်နေ့တွင် တောင်ငူခရိုင်၊ သံတောင်မြို့နယ်၊ ဇရပ်ကြီးကင်မွန်းခြံရွာတွင် ဖခင် သခင်ဘသောင်းနှင့် မိခင် ဒေါ်သိန်းတို့မှမွေးဖွား။ မွေးချင်းညီအကိုမောင်နှမ (၆) ယောက်အနက် ဒုတိယသမီးဖြစ်။ အိမ်နာမည် အမာဂျန်ဟုခေါ်။

အခြေခံပညာကို တောင်ငူကွန်ဗင့်ကျောင်းတွင် စတင်သင်ကြား။ ၁၉၅၆-၅၇ ခုနှစ် တောင်ငူမြို့နယ်အစိုးရအထက်တန်းကျောင်းမှ (၁၀) အောင်မြင်။ ၁၉၅၇-၅၈ မှ ၁၉၅၁-၆၂ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့။ ၁၉၆၁-၆၂ တွင် ဝိဇ္ဇာဖြင့်ဘွဲ့ရရှိခဲ့တယ်။ ၁၉၆၂ ခုနှစ် နှစ်လည်တွင် ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည့် ကိုလှရွှေနှင့်လက်ထပ်ခဲ့။ နှစ်ဦးစလုံး ကမာရွတ် ကျားစံပြအထက်တန်းကျောင်းနဲ့ တခြားအလွတ်ပညာသင်ကျောင်းအချို့တွင် အထက်တန်းပြဆရာများအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့။

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေချိန်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားခဲ့။ ၁၉၆၁-၆၂ ခုနှစ်ဘွဲ့ရသည်အထိ ရန်ကုန်တက္ကသိုလ်ကျောင်းသားညီညွတ်ရေးတပ်ဦး၏ ကောင်စီဝင်တဦးအဖြစ်ပါဝင်လှုပ်ရှားခဲ့။ သီရိဆောင်နှင့်မာလာဆောင် သဟာယနဲ့စာဖတ်အသင်း အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့။

ပအိုဝ့်အမျိုးသမီးတယောက်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသူကျောင်းသားများအသင်း၏ တွဲဖက်အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့။ တောင်ငူခရိုင်ကျောင်းသူကျောင်းသားများအသင်းရဲ့ အမှုဆောင်အဖွဲ့ဝင်တဦးအဖြစ်၊ ရန်ကုန်တက္ကသိုလ်သဟာယနဲ့စာဖတ် အသင်းများအဖွဲ့ချုပ်၏ အမှုဆောင်အဖွဲ့ဝင်တဦးအဖြစ် တာဝန်ယူခဲ့။

၁၉၆၁-၆၂ ခုနှစ် ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့ဝင်တဦးဖြစ်ခဲ့။ ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းနဲ့ မဂ္ဂဇင်းတချို့တွင် ကေတုပွင့်လင်းမငြိမ်းအေး၊ ကြည်သာခင် စသည့်ကလောင်များဖြင့် နှင့်ကဗျာဆောင်းပါးများရေးသားခဲ့တယ်။ ၁၉၆၇ မှ ၇၁ အထိ ရေကြည်အိုင်စစ်အကျဉ်းစခန်းတွင် အခြားကျောင်းသူခေါင်းဆောင်နှစ်ဦးနဲ့အတူ (၄) နှစ်နီးပါး ထိန်းသိမ်းခံခဲ့ရ။ ၁၉၉၃ ခုနှစ်တွင် အမျိုးသားညီလာခံနဲ့ပက်သတ်တဲ့ ဗကသများအဖွဲ့ချုပ်ရဲ့သဘောထားထုတ်ပြန်ကြေညာချက် ဖြန့်ဝေမှုအတွက် ပုဒ်မ ၅ (ည) နှင့် တရားစွဲဆိုခံရပြီးထောင်ဒဏ်သုံးနှစ်ပြစ်ဒဏ်ကျခံခဲ့ရ။

ယခုကွယ်လွန်ချိန်မှာ အသက် (၆၈) နှစ်ရှိပြီး အမှတ် (၈၄၅) ရွာလယ်လမ်း၊ ဆ/ခ- ရပ်ကွက်၊ သင်္ကန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်တွင် ခင်ပွန်းဖြစ်သူ ဦးလှရွှေ သားသမီး (၃) ယောက်နှင့်မြေး (၇) ယောက်တို့ကျန်ရစ်ခဲ့။ ❑

## ဈာပနအခမ်းအနားဓာတ်ပုံမှတ်တမ်း







## cyfa'gif;wdkU\rdcif a':cifrmat;u,fvGefcif;twGuf 0rf;enf;cif;rSwfwrf;

၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇) ကျောင်းသားသမဂ္ဂဖုံးဖောက်ခွဲဖြိုချခံရမှုမှအစပြု၍ ခင်ပွန်းဖြစ်သူ ကျောင်းသားသမဂ္ဂအမှုဆောင်ကျောင်းသားခေါင်းဆောင် ဦးလှရွှေနဲ့အတူလက်တွဲ၍ အာဏာရှင်ဗိုလ်နေဝင်းလက်အောက်မှစတင်ကာ ခေတ်အဆက်ဆက် အာဏာရှင်တွေကို ဒူးမထောက်၊ လက်မမြှောက် အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် တွန်းလှန်တိုက်ပွဲဝင်ရင်း ဧပြီလ (၁၁) ရက်နေ့ ည (၉) နာရီတွင် ခွပ်ဒေါင်းတို့၏မိခင် အဖွားဒေါ်ခင်မာအေး အသက် (၆၈) နှစ်သည် နှလုံးရောဂါဖြင့် ဘဝတပါးသို့ ကူးပြောင်းသွားခဲ့ပါသည်။ ခင်ပွန်းသည်အားပါရမီဖြည့်ရင်း ဘဝကိုထုဆစ်ခဲ့ခြင်းတွေနဲ့ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ကာ ဖိနှိပ်သည့် အာဏာရှင်တို့လက်အောက်တွင် ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရင်ဆိုင်တော်လှန်ခဲ့သည့် အဖွားဒေါ်ခင်မာအေးအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းရပါကြောင်း မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမိသားစု